KHRG Karen Human Rights Group

Documenting the voices of villagers in rural Burma

# နော်အုန်းလှအားဖမ်းဆီးမှုအပေါ် ထုတ်ပြန်ကြေညာချက်

ကရင်အမျိုးသမီးအစည်းအရုံးဉက္ကဌနော်အုန်းလှကို စက်တင်ဘာ ၉ ရက်နေ့တွင် အမျိုးသမီးငယ်တစ်ဦးကို လိင်အကြမ်းဖက်မှုနှင့်ပတ်သက်ပြီးအလုံရဲစခန်းတွင်ကူညီပေးနေစဉ်တွင် အဖမ်းခံခဲ့ရသည်။ ထိုဖမ်းဆီးမှုအပေါ် ကရင်လူ့အခွင့်အရေးအဖွဲ့က လုံးဝရှုတ်ချပြီး နော်အုန်းလှကို ချက်ချင်းလွှတ်ပေးရန် မြန်မာအစိုးရအား တောင်း ဆိုလိုက်ပါသည်။

ယခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင်ကျရောက်သော ကရင့်အာဇာနည်နေ့ကို ရန်ကုန်မဟာဗန္ဓုလပန်းခြံရှေ့တွင် ဦးဆောင်ကျင်းပခဲ့သောကြောင့် ကျောက်တံတားစခန်းမှူးက ငြိမ်းစုစီဉပဒေပုဒ်မ ၂၀ ဖြင့်တရားစွဲဆိုခဲ့သည်။ ထိုအခမ်းအနားကိုကျင်းပရန် တစ်လကြိုတင်အသိပေးထားသော်လည်း တာဝန်ရှိသူများက ခွင့်မပြုခဲ့ပါ။ နော်အုံးလှကိုဖမ်းဆီးခြင်းသည် သူမ၏လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာစုရုံးပိုင်ခွင့်ကို ချိုးဖောက်ခြင်းဖြစ်သည်။

မြန်မာပြည်တွင် တိုင်းရင်းသားလူနည်းစု လှုပ်ရှားသူများနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများကို ဉပဒေများဖြင့် နှောက်ယှက်ခြင်းသည် မြန်မာအစိုးရမှ လူ့အဖွဲ့အစည်းများ၏လွတ်လပ်ခွင့်ကို ပိတ်ပင်နေသောလက္ခဏာ တစ်ရပ်ဖြစ်သည်။ ဤဖြစ်ရပ်သည် လူ့အခွင့်အရေးလှုပ်ရှားသူများနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများကို တုန်လှုပ်စေသည်။

ကရင်လူ့အခွင့်အရးအဖွဲ့မှ မြန်မာအစိုးရအားနော်အုံးလှနှင့်တကွ ငြိမ်းစုစီဉပဒေပုဒ်မ ၂၀ ဖြင့် အမှုရင်ဆိုင်နေရသူများအားလုံးကို ပြန်လွှတ်ပေးရန် တောင်းဆိုအပ်ပါသည်။

ဆက်သွယ်ရန်

နော်ထူးထူး +၆၆ ၆ ၂၅၂၅ ၄၁၀၀

နန္ဒာဆူး +၆၆ ၈၇၂၀၅ ၁၈၅၆